တက်နေထွန်းစာပေ

ယဉ်ယဉ်နု(မန္တလေး)

# နေရောင်နှင့်

## ကလျာဝတ္ထုတိုများ



# သူ့အကြောင်းနှင့်သူ ကိုယ့်အကြောင်းနှင့်ကိုယ်

ဥပုသ်နေ့ မနက်စောစောဆိုလျှင် မမြတင် အလုပ်ရှုပ်နေပြီ။ မနေ့ကတည်းက ပြောင်စင်အောင် ဖွပ်လျှော်၍ အသေအချာ ခေါက်ပြီး လက်နှင့် ဖြန့်ထားသော အကျႌလက်ရှည်အဖြူနှင့် ယောဂီရောင်တဘက်ကို ခေါင်းအုံး အောက်က ထုတ်ယူသည်။ လုံချည်ကတော့ ယောဂီညိုရောင်မရှိ။ အညိုပွင့်များပါသည့် ပါတိတ်ကလေးက နွမ်းနေ ပေမယ့် လူထဲသူထဲမှာတော့ ဝတ်လို့ ကြည့်ပျော်ရှုပျော် ရှိနေဆဲ။ ပါးပေါ်မှာ သနပ်ခါး ဘဲကျားလိမ်းရင်း လုံချည်တစ် ထည်လောက် ဝယ်ရအုံးမှာပဲလို့ တွေးမိပေမယ့် သက်ပြင်းတစ်ချက်သာ ချလိုက်ရသည်။ အင်းလေ လောလော ဆယ် စားဖို့က ပါးစပ်ငါးပေါက်၊ မမြင်တင်ရယ်၊ အမေဒေါ်ငွေတင်ရယ် ဖတဆိုးကလေးသုံးယောက်ရယ်။

ကြိမ်ခြင်းကလေးထဲမှာ ပလပ်စတစ်ကော်ဖီ ပန်းကန်ပြားကလေး တစ်ချပ်ထည့်ပြီး လမ်းထိပ် ကုန်စုံဆိုင်ရှေ့ မှာ ရပ်မိတော့ ခုနှစ်နာရီခွဲနေပြီ။ ကုန်စုံဆိုင်က မမကြီးက ထုံးစံအတိုင်း ကြွပ်ကြွပ်အိတ်ထဲမှာ ဆန့်နို့ဆီဗူးတစ်လုံး ကို အကြွေးပေးလိုက်သည်။ မမြတင် သနပ်ပင်ရပ်ကွက်ထဲက ခပ်သွက်သွက် ထွက်၍ ဘုရားကြီးအနောက် မုခ်နား က ဖောင်တော်ဦးမွှာရုံကို ဦးတည်၍ လျှောက်လာသည်။ ဝမ်းထဲမှာ တကျူတ်ကျူတ်နှင့် ဆာလာသည်။ သြော်...... ငါက ခဏနေရင် ကံတရားအရ စားချင်စားရမယ်။ အိမ်က အမေနဲ့ ကလေးတွေမှာတော့ အတွေးစကို ဖြုန်းခနဲ ဖြတ်ပစ်လိုက်ရသည်။ အနောက်မုခ်ထိပ်မှာ စစ်ကိုင်းကားတစ်စီးက သူ့ရှေ့ ဝေါခနဲ ထိုးရပ်လိုက်ခြင်းကြောင့်

" အမကြီး စစ်ကိုင်းလား"

စပ်ဖြဲဖြဲ လှမ်းမေးသည့် ဒရိုင်ဘာကို မျက်စောင်းထိုးရင်း ကားလမ်းကို ခပ်သုတ်သုတ်ကလေး ပြေးကူလိုက် ရသည်။ မတက်နိုင်တော့ ဖောင်တော်ဦးဓမ္မာရုံက ဘုန်းကြီးသီလပေးရင် ကြွလာပါပြီခင်ဗျာ ဟု အော်နေပြီ။

ဓမ္မာရုံထဲရောက်တော့ မမြတင် ပထမဆုံးလုပ်သည့် အလုပ်က ကြွပ်ကြွပ်အိတ်ထဲက ဆန်လက်နှစ်ဆုပ်ခန့် ကို မဖိတ်မစင်စေရန် သတိကြီးစွာ နှိုက်ယူပြီး ပလက်စတစ်ပန်းကန်ကလေးထဲသို့ ထည့်၊ ဣန္ဒြေအပြည့်ဖြင့် ခါးကလေးကို ကိုင်း၍ သီလယူ ပရိသတ်ကို ဖြတ်ပြီး သီလပေးမည့် ဘုန်းကြီးရှေ့က ဆွမ်းပွဲတွေနားမှာ ချထားသည့် ဆွမ်းဆန်စိမ်းတောင်းထဲကို ပေါင်းထည့်လိုက်၍ ဒါနပြုသည်။ မမြင်တင် သူ့နေရာပြန်ရောက်တော့ ကော်ဖီပန်းကန် နှင့် အိကြာကွေးကလေးတစ်ခုချထားသည်။ ကုသိုလ်ရှင်က သီလယူမည့်သူတွေကို ဒါနပြုတာပေ့ါ၊ ဆာနေသည့် ကြားက ဒါပဲလား မသိဘူးဆိုသည့်စိတ်က မမြတင်ကို ပူထူသွားစေသည်။ ဟိုဟိုဒီဒီ ကဗျာကယာ ဝေ့ကြည့်သည့် မျက်လုံးတွေက ဓမ္မာရုံအဝင်မှာ ချထားသည့် ခြင်းကြီးနှစ်လုံးကို တွေ့ရမှ ရင်အေးသွားပြီး ကော်ဖီကို မြန်မြန် သောက်ချလိုက်ရသည်။ အိကြာကွေးကတော့ ကြိမ်ခြင်းကလေးထဲ ရောက်သွားပြီ။

ဘုန်းတော်ကြီးက သီလစပေးတော့ လက်အုပ်ကလေးချီ၍ မမြတင် အမြန်လိုက်ဆိုလိုက်ရသည်။ တရား မဟောပါစေနှင့် တရား မဟောပါစေနှင့် အမျှမြန်မြန်ဝေပါစေ။ ခဏနေတော့ လူတွေ တဝုန်းဝုန်းထကြပြီ။ ကနေ့ သီလပွဲကုသိုလ်ရှင်က တော်တော်ကြီး ချမ်းသာပုံရသည်။ ဆွဲကြိုးကြီးကိုက တစ်ဆယ်သားလောက် ရှိမလားပဲ၊ စနစ် တကျ ထွက်နေသည့် သီလယူ ဥပုသ်သည် ပရိသတ်ကို ဓမ္မာရုံပေါက်ဝက စောင့်ကမ်းနေတာ ဖယောင်းတိုင် ၃၂ တိုင်ထုပ်က တစ်ထုပ်စီ။ စာအိတ်ကလေးက တစ်အိတ်စီ။ မမြတင်လည်း ဖယောင်းတိုင်တစ်ထုပ်နှင့် စာအိတ် တစ်အိတ် ရလိုက်သည်။ စာအိတ်ကလေးကို ဖွင့်ကြည့်တော့ တစ်ဆယ်တန်နှစ်ရွက်။ အင်း ဈေးဦးပေါက် မဆိုးပါ လား။ မမြတင်

ခြေလှမ်းကို ဂျက်လေယာဉ် အင်ဂျင်တပ်ပြီး အမြန်ဆုံးသုတ်ခြေတင်တာတောင်မှ မြောက်ဘက် ရပ်ကွက်က ပြည်လုံးအံ့ဓမ္မာရုံရောက်တော့ ဘုန်းကြီး မေတ္တာပို့ အမျှဝေနေပြီ။ ကဗျာကယာ ဓမ္မာရုံပေါ်တက်ပြီး နောက်နားကျကျမှာ ထိုင်မိတော့ မမြတင်မျက်လုံးတွေက လူတွေ ကိုယ်စီကိုယ်စီ ဘေးမှာ ချထားသည့် အီလန် ဆပ်ပြာထုပ်အသေးလေးတွေကို တန်းမြင်လိုက်သည်။ သွားပြီပေါ့။ ဒီဓမ္မာရုံမှာ အပြီးမှ မဝေဘဲ အရင်ဝေထားတာပဲ။ ငါမရတော့ဘူးပေါ့။
အီလန်ဆပ်ပြာထုပ်ကလေးတွေကို ငေးကြည့်ရင်း သူများတွေ အော်သံကြားမှ သူလည်း ရော၍ အမျှ၊ အမျှ၊ အမျှ ဟု အော်လိုက်ရသည်။
စိတ်ပျက်အားလျော့စိတ်ဖြင့် ငူငူကြီး ထိုင်နေသည့် သူ့ကို လူတွေက ဖြတ်ကျော်သွားကြသည်။ မမြတင်ကတော့ ငိုင်နေဆဲ။

“ အမကြီးက အကမ်းရပြီးပလားရှင်”

အမလေးတော်၊ နားထဲမှာ စိမ့်ပြီး ချိုအေးသွားသော အသံ။ သူခေါင်းယမ်းပြလိုက်တော့ အလှူရှင်က အီလန် ဆပ်ပြာမှုန့်ထုပ်ကလေးကို ကမ်းပေးလိုက်သည်။ တကယ် လှိုက်လှဲဝမ်းသာစိတ်နှင့် မမြတင် သာဓု ခေါ်မိပါသည်။ မရတော့ဘူး ထင်ထားတာလေ။

ကုလဝံသ ဓမ္မာရုံရောက်တော့ ဘုန်းကြီးက ထိုင်တော်မူခါစပင် ရှိသေးသည်။ ဒီဓမ္မာရုံက သည်လိုပဲ သီလပေး နောက်ကျတက်သည်။ အလှူရှင်က လက်ဖက်သုပ် ပန်းကန်တွေကို လူတွေကြားထဲ လိုက်ချပေးနေ သည်။ မမြတင်က လက်ဦးအောင် ဆွဲယူပြီး ပလုပ်ပလောင်း ကော်ခတ်၍ စားပစ်လိုက်သည်။ မိုးလင်းထဲက ဓမ္မာရုံ တွေ ကူးသန်းနေရတာ ကော်ဖီအရည်ကလေးတစ်ခွက်ပဲ ဗိုက်ထဲမှာရှိတာ။ အီကြာကွေး စားပစ်လျှင်တော့ ရတာ ပေါ့။ ဒါပေမဲ့ အီကြာကွေးကို သူစားလို့မဖြစ်။ လက်ဖက်သုပ်ကို အဝစားပြီးမှ ပလပ်စတစ်ပန်းကန်လေးကို ထုတ်၍ ဆန်ထည့်ရသည်။ ဆွမ်းဆန်စိမ်လှူရသည်။ ဆင်းရဲလွန်းလို့သာ အကမ်းတွေ လှည့်ယူနေရတာ သံသရာ ကို မမြတင် ကြောက်လွန်းလို့ပါ။ ဆန်ကလေးတစ်ဆုပ်

နှစ်ဆုပ်တော့ ပြန်လှူခွင့်ပေးပါ။ ယနေ့အဖို့ တတိယအကြိမ် မြောက် သီလယူအပြီးတွင်တော့ မမြတင် ခရီးဆုံးပြီ။ ကုလဝံသဓမ္မာရုံက ကမ်းလိုက်သည့် ရွှေဝါဆပ်ပြာတစ်ပိုင်းနှင့် ဖယောင်းတိုင် အသေးကလေး တစ်ထုပ်လည်း ဆွဲခြင်းထဲမှာ ပါသွားပြီ။ ကိုးနာရီလည်း ကျော်နေပြီ။ မမြတင် ခြေထောက်တွေကို ဂျက်လေယာဉ် အင်ဂျင်တပ်ရပြန်ပြီ။

“ ပြန်လာပြီလားအေ၊ အမေ ဆာလှပြီ”

မမြတင် ရင်ထဲမှာ ဆို့သွားလေသည်။ ဘာမှ မပြောတော့ဘဲ ခြင်းထဲက အီကြာကွေးကလေးကို ထုတ်ပေး လိုက်သည်။ အမေက သွားမရှိတော့ မျက်စိကလည်း မှုန်ဝါး၊ ခုတင်ပေါ်မှာ ကုတ်ကုတ်ကလေး ထိုင်၍ အီကြာကွေး ကလေး မြုံ့နေသည့် အမေ့ကို မျက်ရည်ဝဲဝဲနှင့် ကြည့်ရင်း အကြီးကောင် ဖိုးတုတ်ကို ဟစ်ခေါ်ရလေသည်။

“ အမေရေ၊ ဗျာ ”

ဆိုပြီး ဖိုးတုတ် ရောက်လာတော့ အီလန်ဆပ်ပြာမှုန့်ထုပ်ကလေးသာ ချန်ထားပြီး ကျန်တာတွေ ဖိုးတုတ် လက်အပ်လိုက်သည်။ ဖိုးတုတ်က ကုန်စုံဆိုင်မှာ သွားသွင်းပြီး ဆန်နှင့် လဲယူလာလိမ့်မည်။ အမေနှင့် ကလေး သုံးယောက် မနက်စာတော့ ရင်အေးသွားရပြီ။ မမြတင်ကတော့ မြို့ထဲကို အဝတ်သွားလျှော်ပေးဦးမည်။

မမြတင်တို့ ဇာတိ ၃၄ လမ်း၊ ညောင်ဇင်တန်းဆိုတာ သူဌေးတွေချည်း ဖြစ်နေကြပြီ။ တောင်ကြယ်ခတ်ဝင်း၊ မြောက်ကြယ်ခတ်ဝင်း၊ ယွန်းဝင်း၊ ညောင်ဇင်တန်း၊ အုတ်တန်း၊ မမြတင်ကို မသိသူ မရှိ။ မမြတင်က ဖြူဖြူစင်စင် လည်း ဖွပ်တက်လျှော်တက်၊ ထမင်း၊ ဟင်းအိုးလည်း ကူတယ်တက်၊ လူချစ်လူခင်များသည်။ ကနေ့လည်း တောင် ကြယ်ခတ်ထဲက နေဝန်းနှ ကျူရှင်မှာ အဝတ်တစ်ထုပ်ကြီး ရလိုက်သည်။

“ ဆပ်ပြာမှုန့် ပေးရဦးမှာလား”

အိမ်ရှင်မက မေးတော့ ” ကျွန်မ မှာ ပါတယ်” ဟု မမြတင်က အီလန်ထုပ်ကလေးကို ထောင်ပြလိုက်သည်။ “ အင်း အင်း၊ ဒါဆို လျှော်တော့ ကျွန်မ အထည်တွေ ရေထားပြီးသား၊ ငါးဆယ်”

တစ်ထည်ငါးကျပ်နှုန်း၊ နှစ်ရာငါးဆယ်၊ ဒါတောင် ကိုယ့်ဆပ်ပြာမှုန့်နှင့် ကိုယ်မို့၊ အိမ်ရှင်၏ ဆက်ပြာနှင့် ဆိုလျှင် မုန့်ဖိုး ၇၀/ ၈၀ လောက်သာ ရမည်။ ဒါကြောင့် မမြတင်တို့ အကမ်းမက်နေရတာ ။ မမြတင် ဖွဲ့နှင့် မာန်နှင့် လျှော်သည်။ ရေစင်စင်ဆေးပြီးပြီ၊ လှမ်းပြီးပြီ၊ နာရီကြည့်လိုက်တော့ ၁၁ နာရီခွဲ။ အိမ်ရှင်မကို လှမ်းခေါ်တော့ အနား ရောက်လာသည်။

“ မမြတင် ထမင်းစားသွား”

“ မစားတော့ဘူး၊ မမ၊ အသုဘ ပို့ရဦးမယ်”

“ ဟယ် ခါတိုင်း စားပြီးတော့ ဘယ်က အသုဘလဲ”

“ ထန်းလျက်တန်းက မလွန်ထဲကပါ၊ ကျွန်မက ဒီဘက်ပိုင်းမှာ အလုပ်လုပ်တော့ သိတဲ့လူ ပေါတယ်။ အဲဒီ အမေကြီး ဒေါ်ဆွေဆွေဝင်းက ခင်နေလို့ ၁၂ နာရီ အသုဘချမှာမို့”

“ ဟုတ်မှာ ဟုတ်မှာ၊ မမြတင်က သိပ်လူမှုရေးသိတာပဲ၊ တစ်ခါကလည်း ကျွန်မ မှတ်မိတယ်၊ သုံးနာရီ လောက် လက်ဆေးပြီး ထဘီရေစိုကြီးနဲ့ အသုဘပို့တာလေ၊ အဲဒီ က ပြန်မှ အဝတ်ဆက်လျှော်တာ”

“ ဒါတော့ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ပေါ့ မမရယ်”

ပိုက်ဆံ ၂၅၀/- ကို ဘော်လီရင်ဘတ်ကြားထိုးပြီး ခပ်သုတ်သုတ် လျှောက်လာသည်။ မလွန်ရင်တော့ သူတော်တော် နောက်ကျနေပြီဆိုတာ တွေ့ရသည်။ နာရေးကား ရောက်နေပြီ။ ကြေးစည်ထုနေပြီ၊ အများပို့ရန် စီ

စဉ်ထားပုံရသည့် ဒိုင်နာကားတွေကလည်း လူတွေကြပ်ခဲလို့။ ယပ်တောင်နှင့် ကြွပ်ကြွပ်အိတ်တစ်အိတ် လာကမ်း တာကို မမြတင် ယူထားပြီး သူစီးရန်ကား လျှောက်ကြည့်နေစဉ်.......။

"မမြတင် မဟုတ်လား မမြတင်"

ကျောဖက်က တန်းစီရပ်ထားသည့် ကိုယ်ပိုင်ကားတစ်စီးပေါ်က ခေါ်သံကြားရသည်။ လှည့်ကြည့်လိုက် တော့ ဆံပင်ကောက်ကလေးတွေနှင့် မျက်နှာပြုံးပြုံးလေးတစ်ခုက တော်တော်ကြီး အဖိုးတန်ပုံရသည့်ဖင်လုံး ခေါင်းလုံးကား ဖြူဖြူလေးပေါ်က လှမ်းခေါ်နေသည်။ မမြတင် မှတ်မိသွားသည်။

" မမဝင်း"

အရှေ့မုခ် ကြေးကုန်ဆိုင်က မမြတင် ပန်းရောင်းတုံးက မှန်မှန်ဝယ်သည့် ဖောက်သည် ဒီ မမဝင်းက စာရေး ဆရာမ ဟုလည်း မမြတင် သိရသည်။ သူ့ကလောင်နာမည်က မေမေဆိုလား၊ မောင်မောင်ဆိုလား။

" လာလာ၊ တက်"

ကားထဲ ငုံ့ကြည့်တော့ ကားထဲမှာလည်း သုံးလေးယောက်၊ မမြတင် ငြင်းသည်။

" ဟင့်အင်း၊ ကြပ်နေလိမ့်မယ်၊ မမဝင်း၊ မလိုက်ဖူး"

" ဩော်...... လိုက်ခဲ့ပါ၊ ဟိုကားတွေ တက်မှမရတာ ၊ အသုဘက စည်လိုက်တာ ဟော နာရေးကား ထွက်ပြီ၊ တက်တက်"

မမဝင်းက ကားတံခါးကို ဖွင့်ပေးနေ၍ မမြတင် အားနာနာနှင့် တက်လိုက်ရသည်။ အား ဇိမ်ရှိလိုက်တာ၊ ကားတံခါးတွေ ပိတ်ပြီး ငြိမ့်ခနဲ လျောထွက်သွားသည့် ကားကလေးပေါ်ရောက်မှ သူ့လက်ထဲက ကြွပ်ကြွပ်အိတ်ကို မမြတင် ဖွင့်ကြည့်မိသည်။ ချမ်းသာလိုက်ကြတာတော်၊ အသုဘမှာ ကမ်းတာတဲ့

ကြည့်ပါဦး၊ ဖွေးဆပ်ပြာမှုန့်တစ် ထုပ်၊ အီလန်ဆပ်ပြာမှုန့်တစ်ထုပ်၊ သွားတိုက်ဆေးတစ်ဗူး၊ မွှေးဆပ်ပြာမှုန့်တစ်ထုပ်၊ အီလန်ဆပ်ပြာမှုန့်တစ်ထုပ်၊ သွားတိုက်ဆေးတစ်ဗူး၊ မွှေးဆပ်ပြာတစ်ခဲ၊ ခေါင်းလျှော်ရည်က နှစ်ထုပ်။ မမဝင်းတို့မှာလည်း ကိုယ်စီ ကိုယ်စီ အထုပ်ကလေးတွေနဲ့ချည်း။ မမဝင်း အပေါင်းအသင်းတွေကလည်း မမဝင်းတို့လို ချမ်းသာသူချည်းထင်သည်။ မမြတင် ခပ်ကုပ်ကုပ်ကလေး မမဝင်းတို့လို ချမ်းသာသူချည်းထင်သည်။ မမြတင် ခပ်ကုပ်ကုပ်ကလေး လိုက်လာ သည်။ ကားမောင်းသူက ကားကို တမာရိပ်မှာ ရပ်လိုက်သည်နှင့် ညစ်ညစ်ပတ်ပတ် ကလေးမလေးနှစ်ယောက် ကားနားကပ်လာကြသည်။ မျက်နှာငယ်ကလေးတွေနှင့် သူတို့ကို ကြည့်လေသည်။

“ အန်တီ၊ ကျပ် ကြာမုန့်ပေးပါ”

မမြတင်၊ နားထောင်ကြည့်သည်။ မသဲကွဲ။ သူမအောင့်နိုင်။

” မမဝင်း၊ ဘာပြောတာလဲ ဟင်”

“ ဩော်....... ဆပ်ပြာမှုန့် တောင်းတာပါကွယ်”

“ ဟင်........ ခါတိုင်း အတောင်းမခံရက်ပါဘူး”

မမြတင် လွှတ်ခနဲ ထွက်သွားသည်။ အကမ်းအလှမ်း လိုချင်လွန်း၍ မြို့ထဲက အသုဘပေါင်းများစွာ သိသိမသိသိ ပို့ခဲ့ပေါင်း များပါပြီ။ ခါတိုင်းတော့ ဘတ်စကားနဲ့ ပို့ဖြစ်တာ။ ဒီနေ့တော့ သူဌေးကားနဲ့ကိုး။ သူဌေးတွေ က စွန့်ကြဲနေကျ ဖြစ်ပုံရသည်။ ယခုပင် မမဝင်းက သူ့ကြွပ်ကြွပ်အိတ်ထဲက ဆပ်ပြာမှုန့် တစ်ထုပ်ပေးလိုက်ပြီ။ အငယ်မလေးက ယူပြေးပြီး တမာပင်ရင်းမှာ ထားလိုက်သည်။ ပြန်ပြေးလာပြီး ကားဖြူတင်းဝမှာ ရပ်ပြန်သည်။

“ ကျပ် ကြာမုန့်”

ကားကို ပတ်ပတ်လည် လှည့်၍ တကျီကျီတောင်းနေကြသည့်

ကောင်မလေးနှစ်ယောက်အသံက နားမခံ သာအောင် ရှိနေသည်။ ရမှန်းသိလေ၊ တောင်းလေ၊ မမဝင်းက လက်ထဲက ကြွပ်ကြွပ်အိတ်က ပြောင်ပြီ၊ ကားမောင်း သည့် အစ်ကိုကြီးကတော့ အထုပ်လိုက် အပြတ်ပေးလိုက်သည်။ မမြတင်၏ ညာဖက်မှာ ထိုင်နေကြသူတွေက လည်း လူတိုင်းကိုယ်စီပေးကြပြီ၊ လုံးဝမပေးရသေးတာ မမြတင်တစ်ယောက်တည်း ဖြစ်သည်။ မမြတင် ချွေးတွေ စိမ့်လာသည်။ ကောင်မလေးတွေကလည်း ကားထဲက ဘယ်သူပေးပြီးပြီ၊ မပေးသေးဘူးဆိုတာ သိပုံရသည်။ မမြတင်ထိုင်နေသည့် ပြတင်းဝမှာ ပေကပ်ပြီး ကျပ်ကြာမုန့်၊ ကျပ်ကြာမုန့်နှင့် ပြိုင်တူအောင်နေကြသည်။ မမဝင်းက မမြတင်ကို လှည့်ကြည့်သည်။ နားငြီးလှပြီဟာ၊ ပေးလိုက်စမ်းပါဆိုသည့် အသံတိတ်အကြည့်၊ ကားထဲက အမျိုးသမီး တွေ၏ မျက်လုံးတွေကလည်း မမြတင်ကို ပေးလိုက်စမ်းပါဟု အမိန့်ပေးနေသရောင်၊ မမြတင် နေရထိုင်ရ ခက်လာသည်။ တကျီကျီပူနေသည့် ကျပ်ကြာမုန့်အသံများနှင့် အမိန့်ပေးနေသော မျက်လုံးများကြားထဲတွင် အနေရ ကျပ်တည်း ကျဉ်းမြောင်းစွာ။ ပတ်ဝန်းကျင်၏ ဖိအားကို မခံနိုင်တော့သော မမြတင်မှာ နှမြောတွန့်တိုစွာ မျက်ရည် တွေ ဝဲလျက် ကြွပ်ကြွပ်အိတ်ကလေးကို ငုံ့၍ ဖွင့်သည်။ တုန်ရီသော လက်ကလေးများနှင့် ဆပ်ပြာမှုန့်ထုပ်ကလေး ကို ဆွဲယူ ဒီဆပ်ပြာမှုန့်ထုပ်ကလေးဟာ အိမ်အတွက် တစ်နပ်စာထမင်း။ ရုတ်တရက် ဆိုသလို ဝမ်းနည်းခြင်းတွေက ဒေါသသို့ ကူးပြောင်းသွားလျက် ရူးသွပ်သွားသူတစ်ယောက်လို ကြွပ်ကြွပ်အိတ်ကို လုံးထွေးပြီး ဒူးကြားမှာ အတင်းဖိ ညှစ်လိုက်ရင်း မမြတင် ကောင်မလေးကို စကားတစ်ခွန်း ပြောလိုက်သည်။

" မပေးနိုင်ဘူး။ လုံးဝမပေးနိုင်ဘူး သွားကြ၊ သွားကြ"

အရူးတစ်ယောက်လို ပေါက်ကွဲအော်ဟစ်လိုက်ပြီး မမြတင် ရှိုက်၍ ငိုချလိုက်လေသည်။

**၁၉၉၉၊ အောက်တိုဘာ၊ ကလျာ**

*

# တစ်နေရာစာ

## (၁)

သူတို့ သွားကြပြီ။ လစ်ဟာနေသော နှလုံးသားက တစိမ့်စိမ့်နာနေတယ်၊ စို့လာတဲ့ မျက်ရည်စတွေကို တဘက်ပိုင်းကလေးနဲ့ သုတ်လိုက်ရတယ်။ ကျုပ်- ကျုပ် လွှမ်းလိုက်တာ၊ မြေးကလေးကို အလွမ်းဆုံးပါပဲ။ သားအချစ် မြေးအနှစ်ဆိုသမို့လား၊ တင်အောင်နဲ့ ခင်မိထက် တောက်တက် တောက်တက် လျှောက်တက်စ၊ ဖား ဖားဖားဖား လို့ မပီတပီ ခေါ်တတ်စ မြေးကလေးကို လွှမ်းတာ။

ကျုပ်ကိုကလည်း မှားပါတယ်၊ သားကိုသခင် လင်ကိုဘုရား ကိုးကွယ်နေကျ မိန်းမတွေ မှားတက်တဲ့ အမှား မျိုးပါ၊ မှားမှန်းသိတဲ့ အချိန်မှာ အသက်က ခြောက်ဆယ်ကျော်ခဲ့ပြီ၊ စိတ်သာရှိ ကိုယ်မလိုက် နိုင်တဲ့ဘဝလေ။ မြို့သစ်မှာ ဝိုင်းကလေးနဲ့ အခြေတကျ နေရာကနေ ဖားကန့်မှောထဲ တက်မယ်၊ ဝိုင်းရောင်းပေးပါ အမေဆိုတာနဲ့ တင်အောင်ကို ရောင်းပေးခဲ့ရ။ မှော်ထဲတက်တာ တက်တာ၊ သူဌေးက ဖြစ်မလာ၊ ကျောက်က မအောင်၊ ငှက်ဖျားနဲ့ နပန်းလုံး၊ ကျုပ်တို့သာ အိမ်ပိုင်က အိမ်ငှားဖြစ်ခဲ့ရတယ်။

အိမ်ငှားဆိုတာ အိမ်ရှင့်မျက်နှာ ကြည့်နေရတာ လေ၊ တစ်နေ့ တစ်နေ့ လူကသာ အိပ်သွားတာ၊ ငွေက မနေဘူး၊ တရိပ်ရိပ် ကုန်နေတာ၊ နှစ်စေ့ခါနီး ရင် အိမ်ရှင်က လာပြီ၊ အိမ်ပဲ ပြန်သိမ်မှာလိုလို၊ ပြင်ဆောက်မှာလိုလို ထွက်ပေးဖို့ လာပြောပြီ၊ အမှန်က ငှက်ဖျားကို အဖော်ပြုပြီး လက်သာကိုယ်ကျွတ် ပြန်လာရှာတဲ့ တင်အောင်ခမျာ တစ်နှစ်စာစဘော် ဘယ်ရှာနိုင်မလဲ၊ နေ့စဉ် ဈေးဖိုးတောင်မှ ကျုပ် ဈေးဗန်းခေါင်းရွက်လို့ စားနေရတဲ့ ဥစ္စာ။ နောက် ဆုံးတော့ မိသားစုလုံး မှော်ထဲ

ပြန်ဝင်ဖို့ ဆုံးဖြတ်ကြတယ်။ မန္တလေးမှာ မနေနိုင်တော့ဘူးလေ။

“ အမေလိုက်ခဲ့ လို့တော့ မဖြစ်ဘူး”

လို့သားက ဆို့ဆို့နင့်နင့် ပြောပါတယ်။ “ သွားကြကွယ်၊ ဈေးဗန်းရှိနေရင် အမေစားလို့ရတယ်” ပြန်ပြော အပြီးမှာတော့ သားအမိ သားအဖတွေ အတူတကွနေကြတဲ့ အိမ်ခန်းကလေးထဲက သူတို့ ခွဲခွာသွားကြပြီ။ မြေးကလေး ကန်တက်တဲ့ ဘောလုံးပိန်ကလေးက ခုတင်အောက်မှာ မှိုင်လို့။ ပါးရေတွန့်တွန့်ပေါ်က မျက်ရည်စတွေ ကို ပွတ်ပစ်လိုက်တယ်။ ဒီအခန်းမှာ မနက်ဖြန် သဘက်ခါ ထိနေလို့ ရပါသေးတယ်။ ဒါပေမယ့် မြေးကလေးရဲ့ တီတီတာတာ သံအရိပ်တွေ လွှမ်းမိုးနေတဲ့ နေရာမှာ ကျုပ် တစ်မိနစ်တောင်မှ မနေချင်တော့ဘူး။ အဝတ်နှစ်စုံ၊ သုံးစုံတည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ရယ်၊ စုံစီနဖာစုထည့်တားတဲ့ ကြိမ်ခြင်းကလေးရယ် ဆွဲပြီး ထွက်လာခဲ့တယ်။ အဲဒါ ကျုပ်ပိုင်ပစ္စည်းအကုန်ပဲ။ ကျောချစရာ တစ်နေရာကတော့ ရှာရမယ်။ ကျုပ်တို့နဲ့ ဆွေမကင်း မျိုးမကင်းတွေရှိတဲ့ ဘုရားကြီးအောက် ကျင်းဖက်မာလကာခြံမှာ အိမ်ငှားနေစရာတွေ ပေါပါတယ်။ အချိန်လေးရှိတုန်း ရှာရဦးမှာလေ။

## (၂)

ကျုပ် တူမဝမ်းကွဲလေး၊ နှင်းဝေဆိုတဲ့ ကောင်မလေးက တစ်နေရာစာ အိမ်ကလေးတွေကို ရှာပေးတယ်။ နှစ်ထပ်အိမ်ကလေး။ အိမ်ရှင်က အပေါ်ထပ်မှာ။ အောက်ထပ်နောက်ဖေးခန်းမှာ အိမ်ရှင့်သား လင်မယားရှိတယ်။ အရှေ့ခန်းမှာ ထမင်းချက်တယ်၊ ထမင်းချက်တဲ့ ဘေးမှာ အခန်းလေးတစ်ခန်း တစ်လကို နှစ်ထောင်၊ စဘော် တစ်နှစ်စာ နှစ်သောင်းလေးထောင် တင်ရမယ်တဲ့။

နောက်တစ်အိမ်က အိမ်ရှေ့ခန်းမှာ ခုတင်သုံးလုံး စီထားတယ်။ တစ်လုံးက ကုန်စိမ်းထမ်းတဲ့ လင်မယား၊ တစ်လုံးက ခြေသလုံးအိမ်တိုင် လူလွတ်တစ်ယောက်၊ ခုတင်တစ်လုံး လွတ်နေတာ ကျုပ်နေချင်ရင် ရမယ်၊ တစ်ခု

တင်စာ တစ်လကို တစ်ထောင့်ငါးရာ ခြောက်လစာ ကြိုပေးတဲ့၊ ဘုရား ....... ဘုရား။

နောက်တစ်အိမ်ကတော့ အသစ်ဆောက်ပြီးစ သပ်သပ်ရပ်ရပ်ကလေး။ ရခါစလင်မယားကလေးတွေကလည်း သဘောကောင်းပုံရတယ်။ အမေကြီးနေမယ်ဆိုရင် နေပါ။ သူများဆို နှစ်ထောင်၊ အမေကြီးကို တစ်ထောင်ပဲ ယူပါ မယ်၊ ဒါပေမဲ့ သူတို့အိမ်သစ်ကလေးက အခန်းမဖွဲ့ရသေးဘူးတဲ့၊ အမေကြီးက ဦးခန်းမှာ နေရာယူပါ၊ အခန်းဖွဲ့ရ အောင် တစ်နှစ်စာ သောင်းနှစ်ထောင်တော့ ကြိုပေးပါတဲ့ ဘုရား..... ဘုရား...... ဘုရား။

နောက်ဆုံးတစ်အိမ်ကတော့ အင်းစောင်းမှာ မေးတင်ဆောက်ထားတဲ့ ခြေတံရှည်အိမ်၊ အိမ်အောက်မှာ လည်း ရေတွေဝပ်လို့၊ အမှိုက်ပုပ်တဲ့အနံ့တွေ၊ ဘဲချေး၊ ဝက်ချေးနံ့တွေကလည်း နံ့စော်လို့။

အိမ်ကလေးကလည်း ပေါက်ပြဲလို့၊ အိမ်ကူးတံတားကလေးကလည်း ယိုင်နဲ့လို့။ လခကတော့ ချိုတယ်၊ တစ်လ ငါးရာတဲ့၊ လချင်းကြိုပေးနေလို့လည်း ရတယ်လို့ ညိုညိုတုတ်တုတ်၊ မျက်နှာထားတင်းတင်း ပုပ်ပုပ်နဲ့ အိမ် ရှင်မက ပြောလို့ ကျုပ်ဝမ်းသာအားရ ဖြစ်သွားတယ်။ ညစ်ပတ်နေပေမယ့် ဖြစ်သလို ဒီမှာ နေတော့မယ်လို့ စိတ်ဒုန်း ဒုန်း ချကာမှ-

“ ဒါနဲ့ ကားမစပ် အမေကြီးက မုဆိုးမလားဟင်”

“ အေးပေ့ါ သမီးရယ်၊ ကလေးအဖေ သေတာဖြင့် မနည်းမနော ကြာလှပေါ့၊ အရိုးပဲ ဆွေးရော့မယ်”

“ ဒါဖြင့် မဖြစ်ဘူး အမေကြီးရယ်၊ မုဆိုးမဆိုရင် ကျွန်မအိမ် အဝင်ခံလို့ မဖြစ်လို့ပါ၊ တခြားမှာ ရှာပါနော်” တဲ့။

အင်း....... ဘုရား.....ဘုရားဒ

ကျနေက ကျုပ်ကျောပြင်က အကျႉစကို ချွေးနဲ့ စီးကပ်နေအောင် ပူနေတယ်၊ အင်း ညနေ သုံးနာရီခွဲလောက် တော့ ရှိနေပြီ။ အိမ်ရှာလို့ အဆင်မပြေ။ ကျုပ်ရှိတဲ့ ငွေကလေးက အိမ်လခ တစ်လစာတောင် မပြည့်တော့ ဘယ်လို လုပ်ရမလဲဆိုပြီး နှင်ဝေကို တိုင်ပင်တော့ ကျုပ်နဲ့ တူလိုသားလို နေတဲ့ ကံသိန်းဆိုတဲ့ ကလေးတစ်ယောက်က ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ ညစောင့်လုပ်နေတယ်တဲ့။ ကံသိန်း ကလေးငါးယောက်ရော မိန်းမရော လုပ်ငန်း ခွင်ထဲ လိုက်နေကြတယ်ဆိုပဲ။ အဲဒီ မှာ နေစရာ ရနိုးနိုးနဲ့ ကျုပ်လိုက်သွားတော့ ကံသိန်းတို့ အလုပ်ထွက်သွားကြပြီ တဲ့။ အောင်ပင်လယ်ကွေ့နားက ကန်ကောက်ရွာနားမှာနေကြတယ် ဆိုတာနဲ့ စွတ်ပြီး လိုက်ချလာတာ။ ပြင်ဦးလွင် သွားတဲ့ လမ်းအတိုင်း ကျောနေပူခံ အရှေ့စူးစူးကို မျက်နှာမူပြီး လျှောက်လာလိုက်လို့ ကိုင်ထားတဲ့ ကြွပ်ကြွပ်အိတ် နဲ့ခြင်းကို လွှင့်ပစ်ချင်စိတ် ပေါက်လာတဲ့ အချိန်ကျမှ အောင်ပင်လယ်ကွေ့၊ လယ်ကွင်းထဲက ကံသိန်းတို့အိမ်ကို ရှာတွေ့တော့တယ်။

"ဟာ ...... ကြီးမေ" ကံသိန်းရဲ့ တအံ့တဩ ပျာပျာသလဲ ဆီးကြိုတဲ့အသံက ကျုပ်ကို ဟင်းခနဲ သက်ပြင်း တစ်လုံး ချမိသွားစေပါတယ်။

## (၄)

ကံသိန်းမိန်းမက ထမင်းခူးနေတယ်။ သံပန်းကန်ပြား ၇ ချပ်ထဲကို ထမင်းအိုးထဲက ထမင်းတစ်ခါနှိုက် တစ်ခဲ ကြီးကြီးစီ ထည့်ပြီးချိန်မှာ ထမင်းအိုးက ပြောင်သွားပြီ။ ကံသိန်းမိန်းမက စီချထားတဲ့ ပန်းကန်ပြားတွေထဲကို ခရမ်းချဉ်သီးချက် ကျဲကျဲနှစ်စွန်းစီနဲ့ ကန်စွန်းရွက်ပြုတ်တစ်ပုံစီ ဝေထည့်လိုက်တယ်။ ကလေးတွေက ကိုယ်စီပန်း ကန်တွေနဲ့ အိမ်ရှေ့ဘက် ထွက်သွားကြတယ်။

"ကြီးမေ စားပါဦး"

ကံသိန်းမိန်းမက ထမင်းစားခေါ်တယ်။ ကျုပ် ဘယ်လို စားရက်မှာလဲ။

ထမင်းက နှစ်ပန်းကန်ထဲရှိတာ။ ကသိန်းနဲ့ သူ့မိန်းမ စားရမှာ။ ကျုပ်က မနက်ကတည်းက ဘာမှ မစားရသေးပေမယ့် တံတွေးမြိုချရင်း " စားကွယ် စားစား၊ ကြီးမေ မဆာလို့" လို့ ပြောလိုက်ရတယ်။

ကံသိန်းတို့ ထမင်းစားပြီးတော့ ကျုပ်က လာရင်းကိစ္စ အကျိုးအကြောင်း ပြောပြလိုက်ရတယ်။ ကံသိန်းက သက်ပြင်းတချချ ခေါင်းတကုတ်ကုတ်နဲ့။

" ကျွန်တော် ဆိုက်ထဲမှာ လုပ်နေတုန်းသာဆိုရင်တော့ ကြီးမေ နေရေးထိုင်ရေး ဘာမှ မပူရပါဘူး၊ ခေါ်ထား ရုံပါပဲ။ ရေမီ အပြည့်အစုံနဲ့ ဘယ်နှစ်ယောက်နေနေပါ၊ အလုပ်သမားတွေကို မိန်းမက ဟင်းချက်ရောင်း၊ ကွမ်းယာ ဆေးလိပ်ရောင်းနဲ့ စားလောက်တယ်၊ ခုတော့ ကြီးမေအမြင်"

ဟုတ်ပါတယ်။ သူတို့လည်း စဘော်၊ အိမ်ငှားခ မတက်နိုင်လို့ ဆိုက်ထဲက သစ်တိုသစ်စတွေနဲ့ ရွာဖျားလယ် ကွင်းထဲမှာ တဲထိုးနေကြတာ။ တုံးတိုတိုင်တိုတွေ စီထားတဲ့ပေါ် သုံးထပ်ပြားခင်းလို့၊ ထောင့်လေးထောင့်မှာ ဝါးလုံး စိုက်၊ ဝါးတွေစီမိုးပြီး ကပ်ကြမ်းတင်လို့။ ဓာတ်မြေသြဇာ ပလတ်စတစ်အိတ်ခွံတွေမိုးလို့ အကာက မြွေရေခွံအိတ်တွေ ပေါ့၊ လေတဝုန်းဝုန်းတိုက်နေတော့ ကံသိန်းတို့ ထရံမြွေရေခွံအိတ်တွေက တလွင့်လွင့်နဲ့။

" ကြီးမေ ဒီမှာ ကလေးတွေနဲ့ အိပ်ချင်အိပ်သွားလေ"

" ငါက အိပ်တော့ မင်းတို့က ဘယ်မှာအိပ်မလဲ"

ကံသိန်းက တမာပင်ခြေရင်း မြေပြောင်ပြောင်ကို မေးငေါ့ပြတယ်။ " သိပ်မခဲယဉ်းပါဘူး ကြီးမေရဲ့၊ ထရံက အိတ်တစ်လုံး ဖြုတ်ခင်းလိုက်ရုံပေါ့" တဲ့ ။ ပြီးတော့.................

" စားဝတ်နေရေးမှာ စားတာက ရှိတာ ဝေမျှစား၊ ငှက်ပျောသီး တစ်လုံးနဲ့လည်း တင်းတိမ်လို့ရတယ်။ ဝတ် တာက နှစ်စုံသုံးစုံရှိရင် လဲလို့ဖယ်လို့ ရနေပြီ။ စရိတ်သိပ်မရှိဘူး။ နေရေးကျတော့ တော်တော်ကို အကုန်အကျ များတယ်

ကြီးမေ၊ ကျွန်တော်တို့လို မိသားစုကြီးတော့ ပိုဆိုးတယ်။ ဒါပေမယ့် ခုတော့ သိပြီ၊ ကြီးမေ၊ ရောင်းစားဖို့ မစဉ်းစားနဲ့ ပိုင်ဆိုင်ဖို့ မစဉ်းစားနဲ့ သားစဉ်မြေးဆက် အမွေမပေးချင်နဲ့ အဲဒီ လိုဆိုရင် နေစရာတွေမှ ပြည့်လို့ပါဗျာ။ ကျွန်တော်တို့တော့ အေးဆေးပဲ၊ ဟဲ......... ဟဲ “ တဲ့။

သူ့ရဲ့ ဟဲ....... ဟဲသံက ရယ်သံလား ငိုသံလား၊ ကျုပ် မခွဲခြားတက်ပါဘူး။ ကံသိန်းတို့ကို နှုတ်ဆက်ပြီး မြို့ထဲဖက် ပြန်လျှောက်လာခဲ့တယ်။ နေတောင်စောင်းနေပြီ။ မမှောင်ခင် မြို့ထဲပြန်ရောက်မှ ဖြစ်မယ်။ ကနေ့ည တော့ နှင်းဝေတို့ဘက်ထိ ပြန်နိုင်ပ့ါမလား။ နီးနီးနားနား ဘူတာရုံနားက တစ်ညတာ တည်းလို့ရတဲ့ နေရာလေးတွေ မှာ ဝင်အိပ်ရမလား။ ခြေထောက်တွေ ညောင်းကိုက်လို့ ဗိုက်ကလည်း ဆာလှပြီ။ တဖြည်းဖြည်းနဲ့ မှောင်လာပြီ။ ကားတွေ ဆိုင်ကယ်တွေက မီးရောင်တဝင်းဝင်းနဲ့ လမ်းတွေလည်း မျက်စိလည်နေပြီ၊ ခြေထောက်တွေလည်း ထော့နဲ့ထော့နဲ့ ဖြစ်နေပြီ။ လမ်းထောင့်ချိုးတစ်ခုမှာ ကျုပ်ခဏရပ်ပြီး စဉ်းစားနေတယ်။ အလိုလေး မီးရောင်စူးစူးကြီး က ကျုပ်မျက်လုံးတည့်တည့်ကို ထိုးလိုက်တာ ပြာခနဲ ဖြစ်သွားတယ်။ မီးရောင်ကြီးနဲ့ လွတ်အောင် တစ်ဖက်ကို ရှောင်လိုက်တုန်း အင်အားကြီးတစ်ခုက ကျုပ်ကို အုန်းခနဲ ဝင်ဆောင့်လိုက်တာကို သိလိုက်ရပြီး ကျုပ် သတိလစ် သွားတော့တာပါပဲ။

## (၅)

ဝါဂွမ်းတစ်စလို အကြာကြီး ကျုပ်လွင့်မျောနေရာက သတိတွေ ပြန်ဝင်လာတယ်၊ အိပ်ပျော်နေရာက နိုးလာ သလိုပဲ။ ခါးနဲ့ ဘယ်ဖက်ခြေထောက်က နာလိုက်တာ ကျွတ်..... ကျွတ်....... ကျွတ်။

ဘာဖြစ်သွားတာလဲ၊ ကျုပ် သေပြီလား။ မဟုတ်ပါဘူး။ နာနေတာ သိနေတော့ အသေတာ သေချာတယ်။ မီးချောင်းရောင်ကြောင့် ဖွေးဖြူ

လင်းထိန်နေတဲ့ တိုက်ခန်းတစ်ခန်းမှာ ကျုပ်ရောက်နေတယ်။

“ အမကြီး သတိရပြီလားဟင်”

လုံချည်နီနီနဲ့ ကောင်မလေးတစ်ယောက်က ကျုပ်ကို ပြုံးပြုံးလေး မေးတယ်။ ကျုပ် သိပြီ၊ သူနာပြုဆရာမ၊ ဒါဆိုရင် ကျုပ် ဆေးရုံကို ရောက်နေတာလား။ “ ဆေးရုံလား” လို့ ကျုပ်အသံထွက်သွားတယ်။

“ အို......... ဟုတ်တာပေါ့၊ အမကြီးက သတိကောင်းသားပဲ၊ ဆေးရုံတော့ မဟုတ်ဘူး၊ ဆေးခန်း၊ အထူးကု ဆေးခန်း၊ အမကြီးကို ဆိုင်ကယ်တစ်စီးက ဝင်တိုက်မိတယ်လေ”

“ ခြေထောက်နာတယ်”

“ အမကြီး သတိထားနော်၊ ခြေထောက်ကျိုးသွားတယ်။ ကျွန်မတို့ ကျောက်ပတ်တီးကိုင်ပြီးပြီ၊ ကျန်တာ အားလုံး ကောင်းတယ်၊ ဘာမှ မစိုးရိမ်ရဘူး၊ ဒါပေမယ့် အမကြီး တစ်လ နှစ်လလောက်တော့ ဒီမှာ နေရမယ်”

တစ်လ၊ နှစ်လတဲ့ ကောင်းပါလေ့တော်၊ အိမ်ငှားခ တစ်လ နှစ်ထောင်ဆို လေးထောင်လောက် သက်သာ သွားပြီ၊ အို....... ဒီလို ရေမီးပြည့်စုံတဲ့ တိုက်ခန်းဆိုရင် တစ်လ ငါးထောင်လောက်ရှိတာ။

“ ဆိုင်ကယ်သမား အိမ်ခဏ ပြန်သွားတယ်၊ အမကြီးဖို့ စားစရာတွေ ဝယ်လာမှာ၊ ခေါက်ဆွဲကြော်၊ ဝယ်ခဲ့ မယ်လို့ပြောတယ်၊ အမကြီး ခြေထောက်ပြန်မကောင်းမချင်း သူ တာဝန်ယူတယ်တဲ့၊ အားမငယ်နဲ့နော် အမကြီး”

ကျုပ် သက်ပြင်းကြီး တစ်ချက်ချပြီး လက်ဝါးနှစ်ဖက်နဲ့ ကျုပ်အိပ်နေတဲ့ နူးညံ့တဲ့နွေးထွေးတဲ့ အိပ်ရာကို စမ်း ကြည့်မိတယ်။ ဘာလိုသေးသလဲ၊ တစ်လ နှစ်လတော့ စားစရာ၊ နေစရာ၊ အိပ်စရာ မပူရတော့ဘူး။ ခြေထောက် ပြန်ကောင်းသွားတော့လည်း ရောက်ရာ ပေါ့တော် ဖြစ်သမျှပေါ့။

ကံကောင်းလို့ ဘုရားတန်ခိုးတော်ပါပဲ။ နို့မဟုတ်ရင် ကျောချစရာ တစ်နေရာအတွက် ကျုပ်ဘယ်အထိ ဒုက္ခ ရောက်နေဦးမလဲ မသိဘူး။ ကျုပ်ကို ဆိုင်ကယ်နဲ့ ဝင်တိုက်တယ်ဆိုတဲ့ ကလေး၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စီးပွားတိုးတက်ပါစေ။။ သိန်းတစ်ရာဆုကြီးလည်း ပေါက်ပါစေတော်။

*

# နာရီနှင့်လူ

## (၁)

ကန်ရေပြင်ဟာ တည်ငြိမ်နေတယ်၊ လေပြေကလေးတစ်ချက်မှ လှုပ်လှုပ်မလာတဲ့အတွက် ရေပြင်ကလည်း ဂယက်ထစရာ အကြောင်းမရှိဘူး၊ ကန်ရေပြင်ထဲကို သုံးပေ လေးပေလောက် ထိုးထွက်နေတဲ့ ရေဆင်းတံတား ကလေးပေါ်က ပုဂ္ဂိုလ်ကလည်း တည်ငြိမ်နေတယ်။ အတွေးတွေ လှုပ်လှုပ်မလာတဲ့အတွက် သူကလည်း ဂယက်မထ ဘူး။ ဒူးနှစ်ဖက်ကို ခပ်မြော်မြော်ကွေးပြီး လက်နှစ်ဖက်နဲ့ ပိုက်ထိုင်နေသူက ကိုကံသိန်းတဲ့။ တရားထိုင်နေတဲ့ ပုဂ္ဂိုလ် တွေသာ ဒီအချိန်မှာ စိတ်ပြန့်လွင့်စရာ ရှိချင်ရှိမယ်။ ကိုကံသိန်းကတော့ အာရုံတွေအားလုံး စုစည်းရာနေရာကနေ တစ်ချက်မှ ပြန့်လွင့်မှာ မဟုတ်ဘူး။ ကိုကံသိန်းရဲ့ ဘယ်ဖက် လက်ကောက်ဝတ်မှာရှိတဲ့ ဆီကို နံပါတ် ၅၊ အော်တို မက်တစ် ဒေးအင်ဒိတ်နာရီက နီကယ်ရောင်ဟာ ဝင်လုဆဲ နေရောင်ခြည်အောက်မှာ တပြောင်ပြောင် တဝင်းဝင်းနဲ့။ ကိုကံသိန်းရဲ့ စိတ်အာရုံ စုစည်းရာကလည်း ဒီနာရီပေါ်မှာ၊ သူ့စိတ်တွေကလည်း တပြောင်ပြောင် တဝင်းဝင်းနဲ့။ အရောင်တွေ ဖျပ်ဖျပ်လပ်သလို ဝမ်းသာနေတာ။

ပြောရင်း ဆိုရင်း နာရီပတ်ထားတဲ့ လက်ကို ခပ်ဆဆမြှောက်များတောင် ကြည့်လိုက်ရဲ့၊ ပီတိငွေ့တွေဟာ တစ်ကိုယ်လုံးက တစ်ဆင့် ငယ်ထိပ်က ဖောက်ပြီး အူထွက်သွားကြသလို၊ နာရီလက်တံတွေက လေးနာရီ ထိုးခု နေပြီ။ ကိုကံသိန်း ပြန်စဉ်းစားကြည့်မိတယ်။ သူ့လက်ကောက်ဝတ်ပေါ်မှာ နာရီဆိုတဲ့အရာ မရှိတာ ဘယ်လောက် ကြာခဲ့ပြီလဲ။

# (၂)

မရှိတာ ဘယ်လောက်ကြာခဲ့ပြီလဲဆိုတာ ထားလိုက်ပါဦး၊ ဘယ်တုန်းက စပြီး ရှိခဲ့တာလဲ ဆိုတာကရော ဝါးတားတား မဟုတ်ပါဘူး၊ ထင်ထင်ရှားရှား သိနေတာ။ ခြောက်တန်းအောင်တဲ့နှစ်မှာ အဖေက ပေးပက်တဲ့ ရွှေရောင်အိုးကလေး မှိန်မှိန်ပျောက်ပျောက်တွေ ဖြစ်နေတဲ့ ရိုးလတ်(စ်) နာရီလေး။ အဲဒီ နာရီလေး ပတ်ကာစကများ ဘယ်ဖက်လက်ကို ဘယ်နားထားရမှန်း မသိအောင် ကံသိန်းကလေး မြှောက်ကြွမြှောက်ကြွ ဖြစ်နေခဲ့တာ။ အဲဒီ နောက် ရှစ်တန်းအောင်တဲ့နှစ်က အုန်းပင်တံဆိပ်နဲ့ ပါဂိုနာရီအသစ်ကလေး၊ တက္ကသိုလ်ရောက်တော့ တီတိုနီ ငွေရောင်ကြိုးနဲ့ နာရီကလေး။ ကံသိန်းက နာရီဟာ အချိန်သိဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းပါလားလို့ နားလည်ရမှာထက် ကောင်မလေးတွေရှေ့မှာ ဟန်ကြီးပန်ကြီးလုပ်ဖို့ မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းပါလားလို့ ပိုပြီး နားလည်ခဲ့တာ။ ဘယ်ဖက်လက်ကောက်ဝတ်မှာ နာရီတွေ တစ်လုံးပြီးတစ်လုံး လဲခဲ့သလို ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲခဲ့တာ။ အလုပ်တွေကလည်း မျိုးစုံတွဲခဲ့တာ။ ဘာကိုမှ မစွဲမြဲတဲ့ ကံသိန်းဘဝမှာ အဝတ်တွေ ကိုယ်မှာစည်ပိုင်းလိုပတ်ရတဲ့ မောင်ခိုကုန်သည်လည်း လုပ်ဖူးတယ်။ လမ်းဘေးမှာ မီးရှည်လည်း ရောင်းဖူးတယ်၊ ကားစပါယ်ယာ၊ ဒရိုင်ဘာလည်း လုပ်ဖူးတယ်။ လက်ဖက်ရည် ဆိုင်ကောင်တာလည်း ထိုင်ဖူးတယ်။ ကော့ဘိမ်းကော့ပေါက်က မွန်ကောင်မလေးကို စွဲပြီး ဒေါနတောင်တန်းပေါ်မှာ အထမ်းသမားလည်း လုပ်ဖူးတယ်။ နွားတွေလည်း မောင်းပို့ဖူးတယ်။ မှတ်မှတ်ရရ မဲဆောက်မှာ ဘတ်ငွေတွေရတော့ ဆီကို နံပါတ် ၅၊ အော်တိုမက် တစ် ဒေးအင်ဒိတ် နာရီတစ်လုံး ဝယ်ပတ်ပစ်လိုက်တာပေါ့၊ နောက်နှစ်ရက်လောက် ကော့ဘိန်းပြန်ရောက်တော့ ဘယ်ဖက်လက်ကောက်ဝတ်ကလေးကို မြှောက်ကာ မြှောက်ကာနဲ့ ဟန်ရေးပြနေတဲ့ ကံသိန်းကို ခစ်ခနဲ လှောင်ရယ်ရယ်လိုက်တဲ့ မွန်မလေးရဲ့ သွားတက်ပြုံးကလေး ခုထိ မှတ်မိနေသေးတာ မဟုတ်လား။

# (၃)

ကောင်းကင်ပေါ်က လကလေးတွေ ပိန်လိုက်ဝလိုက်နဲ့ ကာလများစွာကြာတဲ့အခါ ကံသိန်းမိန်းမ တစ်ယောက်၊ ကလေးငါးယောက်က လွဲလို့ ဘာမှ မရှိတော့ဘူး၊ လက္ခဏာရေးသုံးပါးကြောင့်သာ ကျွတ်တန်းဝင်ရ မယ်ဆိုရင် အခုချိန်ဆို ကံသိန်းတို့ မိသားစုခုနှစ်ယောက် ဈာန်ရနေရောပေ့။ အနိစ္စ အမြဲမရှိတဲ့ ဘဝမှာ တဖြုတ်ဖြုတ် ပျောက်ကွယ်ခဲ့တဲ့ အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ကက်ဆက်၊ နာရီ၊ အဝတ်အစား၊ အိုးခွက်ပန်းကန်၊ ဗီရို၊ ကုလား ထိုင်၊ စားပွဲ၊ ဖျာအထိ။ အနတ္တအစိုးမရတဲ့ ကျောက်စျေးကွက်၊ ဆိုင်နေရာလေလံ၊ တရုတ်ခွင်၊ တောင်ပေါ်ခွင်တွေ၊ ဒုက္ခဆင်းရဲခြင်းကတော့ အင်း....... ပြောစရာ လိုမယ် မထင်တော့ပါဘူး၊ နောက်ဆုံးတော့ အောင်ပင်လယ်ကွေ့ နားက ကန်ကောက်ရွာဖျားမှာ တဲကလေးနဲ့ နေရတဲ့ ဘဝရောက်နေပြီ။ ခြောက်နေသော အူတွေနဲ့ နပန်းလုံး နေရတဲ့ ကာလကို ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းက သူ့နှင်းစက်တွေနဲ့ ဖျန်းပေးတယ်။ မျက်စိတစ်ဆုံး မြင်နေရတဲ့ လယ်ကွင်းတွေထဲမှာ တေးသံတကြော်ကြော်နဲ့ စပါးရိတ်ကြပြီဆိုရင် ကံသိန်းတို့ ပျော်ကြပြီ။ ကံသိန်းမိန်းမက အိမ်ထရံကာထားတဲ့ မြွေရေခွံအိတ်တွေကို ဖြုတ်ယူနေပြီ။

အကြီးကောင် ကျော်မြင့်ဦးကတော့ ကားဆေးမှုတ်ဆိုင်သွားလို့ မလိုက်နိုင်ပေမယ့် မိလုံး၊ ဖြိုးခင်၊ ကောက်တေးမတို့ သုံးယောက်လုံး အိမ်မှာ မနေကြတော့ဘူး၊ ကံသိန်းတစ်ယောက်တည်း အငယ်ဆုံးကောင် တိုးခင်နဲ့ ကျန်ခဲ့တာ။ ကံသိန်းမိန်းမ မငြိမ်းခေါင်းဆောင်ပြီး ကလေးတွေက အောင်ပင်လယ်၊ ကုလားကွင်း၊ ကွေ့ကြီးကုန်း၊ သမ္မတော၊ ကျောက်ထုတ်စတဲ့ ကွင်းတွေကို သွားမယ်၊ ကောက်သင်းကောက်မယ်။ မြွေရေခွံ တစ်အိတ်ပြည့်တိုင်း မိငြိမ်းက ရွက်ပြီးတဲကို ပြန်ပို့မယ်။ ကံသိန်းက ထမင်းချက်၊ ကလေးထိန်းရင်း တဲပြင်ဖက် ကွက်လက်မှာ စပါးလှမ်းမယ်၊ နည်းနည်းချင်း ရိုက်ခြွေမယ်။ စပါးခြောက်ရင် မြွေရေခွံအိတ်ထဲ ထည့်မယ်၊ တစ်အိတ် ပြည့်တိုင်း ကန်ကောက်ကနေ ဝါးခင်းကုန်း ဘုရားနားထိ

ထမ်းသွားပြီး ဟာလာစက်မှာ အပ်မယ်၊ ဆန်ချော ပြန်ယူ လာမယ်။ အဲဒီ ကာလလေးတွေက တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုထိ ကြာတယ်။ မန္တလေး၊ ပြင်ဦးလွင် ကားလမ်း ကနေ ရှမ်းရိုးမ အခြေထိ စပါးကွင်းတွေ သူတို့အရောက်ဖူးတဲ့ နေရာမရှိဘူး။ တစ်ခါမှ ဆန်နို့ဆီဘူးနှစ်လုံးပြည့် အောင် မရှိဘူးတဲ့ အိမ်က ဆန်အိတ်ထောင်စားနိုင်တဲ့အပြင် ပိုတာလျှံတာလေးရောင်းပြီး ကံသိန်း ငွေစုတယ်။ အကြီးကောင်ကို တရုတ်ပန်းသီး သုံးထောင်တန်လောက် ဝယ်ပေးချင်လို့။ အဲဒီ အချိန်မှာ အခါမဟုတ် နေ့လယ်ကြီး အလတ်ကောင် ဖြိုးခင်တစ်ယောက် ချွေးတရွှဲရွှဲနဲ့ အဖေ....... အဖေ ဆိုပြီး ပြေးချလာပါလေရော။

“ ဖွဟဲ့ ဘာဖြစ်လို့တုန်း ပိုးများထိသလား” လို့ စိတ်ပူသွားတဲ့ ကံသိန်းဟာ ဖြိုးခင်ပေးတဲ့ ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်ရဲ့ အိတ်ထဲကို နှိုက်ကြည့်မိတော့ လန့်တောင်သွားတယ်။ လက်ထဲမှာ ပါလာတာက နီကယ်ရောင် ပြောင်ပြောင်နဲ့ ဆီကို နံပါတ် ၅၊ အော်တိုမက်တစ်ဒေးအင်ဒိတ် နာရီလေး။

ချက် ချက် ချက် ချက် နဲ့ တိုးတိုးလေး အသံပေးနေတဲ့ နာရီလေး၊ ခေတ်ပေါ် ဓာတ်ခဲနာရီတွေကြားမှာ ခပ်ထည်ထည် မာန်ဝင့်ပြီး တစ်သောင်းခွဲ နှစ်သောင်းခွဲတန်းက မဆင်းခဲ့တဲ့ နာရီလေး။ ဗလုံးဗထွေး ရှင်းပြတဲ့ ဖြိုးခင် စကားထဲမှာ ကွေ့ကြီးကုန်း စမ်းပေါက်နားက ရခဲ့တာတဲ့။ မန္တလေးကားတွေ၊ အတွဲတွေလာတဲ့နေရာ၊ တစ်ယောက် ယောက် ရေချိုးရင်း ကျန်ခဲ့တာနေမှာ။

နာရီလေးကို ဘယ်ဘက်လက်ကောက်ဝန်မှာ ပတ်လိုက်တယ်။ အကြာကြီး ခွဲခွာနေရတဲ့ အထိအတွေ့ ကြောင့် ယားသလိုလို။ ကံသိန်းမျက်နှာကြီးက ပြုံးလို့များတောင် နေလိုက်သေး၊ ဘာဆိုဘာမှ မရှိတော့တဲ့ ဘဝမှာ ခြေထောက်ပေါက်ပြီး ရောက်လာတဲ့ နာရီလေး။ နာရီပတ်ခဲ့ရတဲ့ ကာလများဆီ အသံတိတ်အနှေးပြကွက်တွေနဲ့ ပြန်ရောက်သွားတဲ့ ကံသိန်းရဲ့ အာရုံတွေကို တဲပေါ် ပြေးတက်လာကြတဲ့ တဝုန်းဝုန်းခြေသံတွေက ဖျက်ဆီးပစ်လိုက် တယ်။

“ အဖေ ဖြိုးခင်နာရီကောက်ရတယ်ဆို”

“ အကောင်းစားကြီးဆို ကိုကံသိန်း၊ ဈေးတော်သိတယ် မဟုတ်လား၊ ကံကောင်းလိုက်တာတော်”

“ ခေါက်ဆွဲကြော်စားမယ်၊ ခေါက်ဆွဲကြော်စားမယ်” တကြော်ကြော်အော်နေတဲ့ နို့ညှာမ ကောက်တေးကို ကောက်ချီလိုက်ရတယ်။ မိငြိမ်းက ခေါင်းပေါ်မှာ အခေါက်လိုက်ပါလာတဲ့ မြွေအရေခွံအိတ်ကို တဲထောင့်ပစ်ချလိုက် တယ်။

“ ဟင် စပါးတွေရော”

“ မကောက်ခဲ့တော့ဘူးလေ၊ ဖြိုးခင် နာရီကောက်ရသွားတယ် ဆိုတာနဲ့ ဝမ်းသာပြီး ပြန်လာကြတာ”

သက်ပြင်းတစ်ချက်ချလိုက်ရတဲ့ ကံသိန်းအဖြစ်ကို ဘယ်သူမှ မသိလိုက်ဘူး၊ အဲဒီ ညနေက ထမင်းတစ်အိုး တယ်ပြီး ခေါက်ဆွဲကျော် ဝယ်စားကြတာ၊ တစ်ရာ့ငါးဆယ်လောက် ထိသွားတယ်။ ကံသိန်း တောက်တစ်ခေါက် ခေါက်နဲ့ နှမြောနေတယ်။

## (၄)

သုံးထောင်ပေးမယ်ဆိုတဲ့ ကုလားရဲ့ စပ်ဖြဲဖြဲအသံကို ကွမ်းဝါးဖတ်တွေနဲ့အတူ ဖွီခနဲ ကံသိန်း ထွေးထုတ်ပစ် လိုက်တယ်။ သုံးစားပါ ကျနေတဲ့ နွမ်းဖပ်ဖပ်အဝတ်အစားတွေနဲ့ ဒီလို လိုက်ရောင်းနေလို့ကတော့ အနှိမ်ခံရမှာပဲ။ ဘယ်က ခိုးလာတာလဲဆိုပြီး အထင်သေးပေါက်နဲ့အကြည့်ခံရဦးမယ်။ သူငယ်ချင်းဟောင်းတွေရှိတဲ့ “ ဝိုင်း” မှာဘဲ ထုတော့မယ်ဆိုပြီး ၃၄ လမ်းက “ စိန်ဝင်းဝင်း” ကို လာခဲ့တယ်။ ဟော့ကောင်ကြီး၊ ကံသီန်းကြီးဆိုတဲ့ အသံတွေ ဆူညံ သွားတယ်။ ငရုတ်ဆီတွေ ရွှဲနေတဲ့ မြီးရှည်ပန်းကန်တွေ ရှေ့ရောက်လာတယ်။ ကံသိန်း ဝမ်းသာအားရနဲ့ သူ့လူ တစ်ယောက်ကို နာရီပြတယ်။

“ ခြောက်ထောင်၊ ခုနှစ်ထောင်ရရင် ပေါင်မယ်ကွာ” ဆိုပြီး မြီးရှည် ငုံ့စားနေတုန်း ဘယ်ကကောင်က လက်ပြ ခြေပြလုပ်လိုက်တယ်မသိဘူး၊ အင်တင်တင်နဲ့ မြီးရှည်ဖိုးရှင်းပြီး ထသွားကြတယ်။ ဩော်....... အရင်ကလို ဂျီကျူနဲ့ လီဗိုင်းနဲ့ ကံသိန်းမှ မဟုတ်တော့တာ၊ နားလည်မှုတွေ ထုထောင်းထားလို့ ဆုတွေနဲ့ ပြည့်နေတဲ့ ခေါင်းကို အသာစမ်း ရင်း ကံသိန်း ပြန်လာခဲ့ရတယ်။ စားပွဲပေါ်မှာတော့ ဖယိုဖရဲ မြီးရှည်ပွဲတွေပဲ ကျန်တယ်။

## (၅)

တစ်ရက်လောက်တော့ မထူးခြားတော့ဘူး၊ နာရီရောက်ပြီး နှစ်ရက်မြောက်တဲ့နေ့မှာတော့ ကံသိန်း သတိပြု မိပြီ။ ခါတိုင်းနေထွက်ရင် တုံးလုံးပတ်လက် အိပ်ပျော်နေတဲ့ အငယ်ဆုံးကောင် တိုးခင်နဲ့ ကံသိန်းသာ ကျန်ခဲ့တဲ့တဲ။ အခုတော့ ဘယ်သူမှ ဘယ်မှ မသွားကြဘဲ လူတွေ စုံနေလိုက်တာ။ မိလုံး၊ ဖြိုးခင်နဲ့ ကောက်တေးမက အိမ်ရှေ့မှာ ငူတူတူ ငိုင်တိုင်တိုင်နဲ့။ အကြီးကောင်ကျော်မြင့်ဦးက ထင်းခွဲလို့။ မငြိမ်းက မီးဖိုထဲမှာ ကံသိန်း ထူးဆန်းနေတယ်။

“ ဟေ့ကောင် ကျော်မြင့်ဦး ဘာလို့ အလုပ်မသွားတာလဲ”

ထင်းခွဲနေတဲ့ အသံခဏရပ်သွားတယ်။ ဖြေသံမကြားရဘူး၊ ဆက်ပြီး ထင်ခွဲတဲ့အသံ ပေါ်လာတယ်။ ကံသိန်း ဒေါသဖြစ်သွားတယ်။

“ မငြိမ်း ဟိုကောင်မလေးတွေရော ဘာလို့ ကောက်သင်းကောက် မသွားတာလဲ၊ လာစမ်း အားလုံး လာစမ်း၊ ငါ့ဆီကို”

မိလုံး၊ ဖြိုးခင်နဲ့ ကောက်တေးမ တန်းစီပြီး လာရပ်တယ်။ လက်ကလေးတွေ ပိုက်ပြီး မျက်နှာငယ်ကလေးတွေ နဲ့။

“ ဟေ့ကောင် ကျော်မြင့်ဦး”

အသံမြင့်ပြီး အော်လိုက်တော့ အိပ်ရာထဲက တိုးခင်က လန့်နိုးပြီး တဝါးဝါးငိုတယ်။ မိငြိမ်းက ထလာပြီး ကလေးကို ရင်ခွင်ထဲထည့် နို့တိုက်နေတယ်။ ကျော်မြင့်ဦးက ထင်းခွဲဓားမကို ခွမ်ခနဲ လွှတ်ချပြီး အိမ်ပေါ်တက်လာ တယ်။

“ ကဲ ပြောကြစမ်းပါဦး၊ မင်းကလည်း အလုပ်မသွား၊ မင်းတို့ကလည်း ကောက်သင်းကောက်မသွား၊ ဘာဖြစ် နေကြတာလဲ ပြောစမ်း”

“ အိုး……… ဒါကတော့ “ ဆိုတဲ့ မိငြိမ်းရဲ့ ရှုံ့မဲ့မဲ့ ထေ့ငေါ့ငေါ့ သံပေါ်လာတယ်။

“ ဘာဖြစ်နေကြတာလဲ”

“ ကိုကြီးက အလုပ်ထဲကို နာရီပတ်မသွားရလို့ စိတ်ကောက်ပြီး မသွားတာ”

ကောက်တေးမက ကောက်ကာငင်ကာ ဝင်ပြောတယ်။ ကျော်မြင့်ဦးက ခေါင်းငုံ့နေတယ်။

“ မင်းက နာရီမပတ်ရလို့၊ အရင်တုန်းကရော ပတ်ရလို့လား၊ ရှိရော ရှိလို့လား၊ ခိုက်မိပြုမိ ကွဲတော့ ဘယ်လို လုပ်မလဲ၊ မင်းနဲ့ ဘာဆိုင်လဲ”

“ ကျွန်တော်နဲ့ဆိုင်တယ်၊ ကျွန်တော် ကောက်ရတာ ”

ဆိုးခနဲ ဆက်ခနဲ ဖြိုးခင်က ဝင်ပြောတယ်၊ ကံသိန်း အံ့ဩသွားတယ်။

“ ဘာကွ၊ မင်းကောက်ရတော့ မင်းက ဘာလုပ်ချင်လို့လဲ”

“ ကျွန်တော် လက်ဖက်ရည်သောက်ချင်တယ်၊ ဗွီဒီယိုကြည့်ချင်တယ်၊ ပိုက်ဆံမပေးလဲ အဖေ ပတ်နေတယ်၊ အပိုင်စီးထားတယ်”

“ အောင်မာ မင်းက”

ကံသိန်း ဖျားသွားတယ်။ တစ်ဆက်တည်း ရှက်လည်းရှက်၊ နာလည်း

နာကျင်သွားတယ်။ ငါ့မှာတော့ မျက်နှာ ငယ်ခံပြီး ရောင်းနေရတာ ၊ ဆင်းရဲတဲ့ ဘဝမှာ ကိုယ့်ပစ္စည်းကိုယ် (အဲလေ ကိုယ့်ဆီရောက်လာမှတော့ ကိုယ့်ပစ္စည်း ပေါ့) ရောင်းတာတောင် အနိုမ်ခံရတယ်။ ဣန္ဒြေမပျက် တစ်ပက်လောက် ဝိုင်းဆင်း၊ လက်မှာပတ်ပြီးမှ ကျောက်ဖိုး လိုသလိုနဲ့ ထုမယ်စဉ်းစားခဲ့တာ အိမ်မှာ ကံသိန်းက အပိုင်စီးထားတယ်တောင် ပြန်ပြောခံနေရပြီ။ ကံသိန်းဒေါသနဲ့ ဖြိုးခင်ကို ရိုက်မယ်လို့ ရွယ်တယ်။

“ ကလေးကို မလုပ်ပါနဲ့၊ ကျုပ်လည်း တော့်ကို ပြောမယ်၊ ဒီနာရီ ရောက်လာတော့ ရောင်းရင် သုံးလေးထောင် ရမှန်း သိကြတယ်။ ကလေးတွေက ပိုက်ဆံရှိတာပဲ၊ ဘာလို့ အပင်ပန်းခံ ကောက်သင်းကောက်ရမလဲလို့ တွက်ကပ်တယ်။ မသွားကြဘူး၊ ကျော်မြင့်ဦးက ပတ်ချင်တယ်။ တော်ကမပေးဘူး၊ ကျုပ်ကတော့ တော့်ကို ပေါင်းရတာ ဘာမှ အကျိုးမရှိဘူး၊ ခရီးစရိတ်မရှိလို့ အောင့်နေတာ အမေတို့မြို့ကို ပြန်ချင်ပြီ၊ တော့်နာရီရောင်း။ ကျုပ်ကို နှစ်ထောင်ပေး၊ ကျော်မြင့်ဦး တော်နဲ့နေခဲ့လိမ့်မယ်၊ ကလေးလေးယောက် ကျုပ်ခေါ်သွားမယ်၊ မလာတော့ဘူး၊ အမေတို့နဲ့ ဖြစ်သလို လုပ်စားတော့မယ်။ ဘယ့်နဲ့ တော်ကလေးငါးယောက်သာ ရလာတယ်၊ ဆင်းရဲတွင်းနက်သထက် တန်လာတာ တော်နဲ့မနေတော့ဘူး”

မိန်းမရဲ့ ရာဇသံအရှည်ကြီးအဆုံးမှာ ကံသိန်း မိငြိမ်းကို ပစ်ကန်ပစ်လိုက်တယ်။ မိငြိမ်းခွေလဲသွားတော့ ရင်ခွင်ထဲက အငယ်ဆုံးကောင်က ကျယ်ကျယ်လောင်လောင် ငိုတယ်။ မိလုံးကလည်း မျက်ရည်တွေကျလို့။ ကံသိန်း

ဒေါသမပြေသေးဘဲ အနီးဆုံးက ကျော်မြင့်ဦးကို လက်ပြန်ရိုက်မိတယ်။ လဲကျသွားတဲ့ အကြီးကောင်က အံကြိတ် ထားတယ်။ ကလေးတွေကတော့ အော်ဟစ်ငိုယိုပြီး ဆင်းပြေးကြပြီ။ ကံသိန်းလည်း တုန်တုန်ရီရီနဲ့ အိမ်ပေါ်က ဆင်းချလာပြီး ခြေဦးတည့်ရာကို ထွက်လာခဲ့တာ ဒီကန်စောင်းမှာ ထိုင်နေတာ တစ်နေကုန်နေပြီ။

ကန်ရေပြင်က ငြိမ်နေသလို ကံသိန်းလည်း ငြိမ်နေတယ်။ အာရုံတွေ အားလုံးက လက်ကောက်ဝတ်ပေါ်က ဆီကို နံပါတ် ၅ နာရီပေါ်မှာပဲ စုစည်းနေတယ်။ နာရီလေးရခါစက ဝမ်းသာသလောက် အခုတော့ ဆန့်ကျင်ဘက် အတွေးတွေနဲ့ နပန်းလုံးနေရပြီ။ နာရီရောင်းရတဲ့ ငွေကို ပျော်ပျော်ပါးပါး သုံးရမည့်အစား ဒေါသဖြစ်စရာတွေ၊ ဝမ်း နည်းစရာတွေ၊ လမ်းခွဲစရာတွေ ဝင်လာပြီ။ ဒီလောက်စကားတွေ ကျွံလာပြီးမှ ကံသိန်း ဘာလုပ်ရမလဲ။ ကံသိန်း မိငြိမ်းတို့ ကျော်မြင့်ဦးတို့ မျက်နှာတွေ တစ်လှည့်စီ မြင်လာတယ်။ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်တယ်။ လက်ကောက်ဝတ်ကို အလွန်မက်မောတဲ့ အကြည့်နဲ့ တစ်ချက်ကြည့်မိပြန်တယ်။ တွေဝေနေပြန်ပြီ။ ဆီကို နံပါတ် ၅ ကလေးကတော့ တည်တည်ငြိမ်ငြိမ်ပဲ။ တချက်ချက်နဲ့ အသံပေးလို့။ မွန်းကြပ်ကြပ်ကြီး ဖြစ်လာလို့ ဘယ်ဘက် လက်ကောက်ဝတ်ကို ကြမ်းကြမ်းတန်းတန်းရောက်သွားတယ်။ ကံသိန်းနဲ့ ခဲတစ်ပက်စာလောက်ဝေးတဲ့ ကန်ရေပြင် ဟာ လေမတိုက်ဘဲ ဂယက်ထသွားတယ်။ ဂယက်ဝိုင်းကလေးက တဖြည်းဖြည်းကျယ်ပြန့်လာပြီး ကံသိန်း ထိုင်နေတဲ့ ရေဆင်းတံတားကလေးကို လာထိတယ်။ နှမြောတသစိတ်အပြည့်နဲ့ ရေပြင်ကို ငေးကြည့်နေတာ အကြာ ကြီးပဲ၊ ပြီးမှ မတ်တပ်ရပ် ပုဆိုးတိုတို ပြင်ဝတ်ပြီး ကန်ဘောင်ပေါ်ကို လှည့်တက်ခဲ့တယ်။ အဲဒီ အချိန်မှာတော့ ကံသိန်း ခြေလှမ်းတွေ ခိုင်မာရဲရင့်နေပြီ။

**(၆)**

နောက်တစ်နေ့မနက် ကံသိန်း အိပ်ရာက နိုးလာတော့ ခြေကားရား လက်ကားရား အိပ်နေတဲ့ တိုးခင်ကလွဲ လို့ တစ်အိမ်လုံး တိတ်ဆိတ်နေတယ်။ ထမင်းကြမ်းခဲနဲ့ ပဲပြုတ်ကို စားပွဲလို အသုံးပြုတဲ့ ထင်းရှူးသေတ္တာခွံပေါ်မှာ တွေ့ရတယ်။ ကောက်သင်းကောက်သွားရင် ယူသွားနေကျ မြွေအရေခွံအိတ်တွေရော မိငြိမ်းတို့ တစ်သိုက်ကိုပါ မတွေ့ရဘူး။ ဆေးစက်တွေ ပေစွန်းနေတဲ့ အလုပ်ဝတ်အကျႌရှည်ကြီးရော ကျော်မြင့်ဦးကိုရော မတွေ့ရဘူး။

တမာပင်ပေါ်မှာ ချိုးကလေးတစ်ကောင်က နွေမပေါက်သေးဘဲ လာကူနေတယ်။ လေပြေကလေးကလည်း တဖြူးဖြူး တသုန်သုန်တိုက်လို့။ ကံသိန်းစိတ်တွေ ကြည်လင်နေတယ်။ အရာရာဟာ အံ့ဝင်ခွင်ကျ နေသားတကျ ပြန်ဖြစ်သွားခဲ့ပြီ။ စပါးအိတ်ကို ဝါခင်းကုန်းဟာ လွှစက် သွားပို့ရဦးမှာပါလား။ ဒီအိတ်နဲ့ဆိုရင် စုထားတဲ့ ဆန်တစ် တင်းခွဲတော့ အနည်းဆုံးရနေပြီ။

ကန်အလယ်မှာ နစ်မြုပ်ကျန်ရစ်ခဲ့တဲ့ဆီကို နံပါတ်ငါးရိကလေးအကြောင်း ကံသိန်းကို ဘယ်သူကမှ မမေး ကြဘူး ကံသိန်းကလည်း ကနေ့ထိ ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးပါဘူး။

*